# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၂၃) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၂-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၉:၀၀) နာရီ အချိန်တွင် ထုတ်ပြန်ခဲ့သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၂၃,၀၅၇,၂၈၈) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၈၀၀,၉၀၆) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၂၂-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၂၁-၈-၂၀၂၀) | (၂၂-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၅,၄၇၇,၃၀၅ | ၅,၅၂၁,၂၅၇ | ၄၃,၉၅၂ | ၁၇၃,၀၉၈ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၃,၄၅၆,၆၅၂ | ၃,၅၀၁,၉၇၅ | ၄၅,၃၂၃ | ၁၁၂,၃၀၄ |
| ၃။ | အိန္ဒိယ | ၁,၃၆၈.၇ | ၂,၉၀၅,၈၂၃ | ၂,၉၇၅,၇၀၁ | ၆၉,၈၇၈ | ၅၅,၇၉၄ |
| ၄။ | ရုရှ | ၁၄၃.၉ | ၉၄၆,၉၇၆ | ၉၅၁,၈၉၇ | ၄,၉၂၁ | ၁၆,၃၁၀ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၉၉,၉၄၀ | ၆၀၃,၃၃၈ | ၃,၃၉၈ | ၁၂,၈၄၃ |
| ၆။ | ပီရူး | ၃၂.၉ | ၅၅၈,၄၂၀ | ၅၆၇,၀၅၉ | ၈,၆၃၉ | ၂၇,၀၃၄ |
| ၇။ | မက္ကဆီကို | ၁၂၈.၉ | ၅၃၇,၀၃၁ | ၅၄၃,၈၀၆ | ၆,၇၇၅ | ၅၉,၁၀၆ |
| ၈။ | ကိုလံဘီယာ | ၄၉.၈ | ၅၀၂,၁၇၈ | ၅၁၃,၇၁၉ | ၁၁,၅၄၁ | ၁၆,၁၈၃ |
| ၉။ | ချီလီ | ၁၈.၃ | ၃၉၁,၈၄၉ | ၃၉၃,၇၆၉ | ၁,၉၂၀ | ၁၀,၇၂၃ |
| ၁၀။ | စပိန် | ၄၆.၈ | ၃၇၇,၉၀၆ | ၃၈၆,၀၅၄ | ၈,၁၄၈ | ၂၈,၈၃၈ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-၁၉ ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၂၂-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၂၁-၈-၂၀၂၀) | (၂၂-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၉၁,၅၈၈ | ၂၉၂,၁၇၄ | ၅၈၆ | ၆,၂၂၉ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၈၇,၉၅၉ | ၂၉၀,၃၆၀ | ၂,၄၀၁ | ၃,၈၆၁ |
| (ဂ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၇၈,၀၂၂ | ၁၈၂,၃၆၅ | ၄,၃၄၃ | ၂,၉၄၀ |
| (ဃ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၄၇,၂၁၁ | ၁၄၉,၄၀၈ | ၂,၁၉၇ | ၆,၅၀၀ |
| (င) | တရုတ် | ၁၄၂၀.၁ | ၉၀,၀၅၃ | ၉၀,၁၀၃ | ၅၀ | ၄,၇၁၆ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၆,၀၉၉ | ၅၆,၂၁၆ | ၁၁၇ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၉၀ | ၃,၃၉၀ | ၀ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၁,၀၀၇ | ၁,၀၀၉ | ၂ | ၂၅ |
| (ဈ) | မြန်မာ | ၅၄.၃ | ၄၃၅ | ၄၄၄* | ၉ | ၆ |

*မြန်မာနိုင်ငံတွင် ယနေ့ည (၈) နာရီအထိ လူနာသစ် (၆) ဦးထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းလူနာ (၄၅၀) ဦးရှိပါသည်။

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

**(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။**

**(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။**

**(ဂ) (လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။**

**(ဃ) လက်တွင်ကပ်ပါလာနိုင်သော ပိုးရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။**

**ပြည်ထောင်စုဝန်ကြီး**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**